# ရှမ်းတောင်သူလယ်သမားများကွန်ယက်မှသတင်းထုတ်ပြန်ကြေညာချက်

## (၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့)

**ရှမ်းပြည်နယ်အရှေ့ပိုင်းရွာသူ/သားများမှ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် ရွှေတူးဖော်ရေး စီမံကိန်းများအား ချက်ချင်းရပ်ဆိုင်းပေးရန် အစီရင်ခံစာထုတ်ပြန်တောင်းဆို**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလင်းကျေးရွာအုပ်စုအတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် ရွှေတူးဖော်ရေးစီမံကိန်းများအား ချက်ချင်းရပ်ဆိုင်းပေးရန်အတွက် ရှမ်းတောင်သူလယ်သမားများကွန်ယက်နှင့် သက်ရောက်မှုခံရသူရွာသူရွာသားများမှ သတင်းစာရှင်းလင်းပွဲကို ယနေ့တောင်ကြီးမြို့တွင်ကျင်းပပါသည်။

၂၀၀၇ခုနှစ်မှစ၍ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲ အရှေ့ဖက် မိုင်းလင်းအနောက်အုပ်စု လွယ်ခမ်းတောင်ကြောများပေါ်တွင် ကုမ္ပဏီပေါင်း ၁၀ ကျော်တို့မှရွှေများတူးဖော်လျက်ရှိသည်။ အဆိုပါကုမ္ပဏီများသည် စိမ်းလန်းစိုပြေသည့်သဘာဝသစ်တောများအားဖျက်ဆီးကာ ဧရိယာ ၁၁ မိုင်ပတ်လည်ကျယ်ဝန်းသည့် လွယ်ခမ်းတောင်ကြောတစ်လျှောက် ရွှေကြောများအား လိုက်လံတူးဖော်နေလျက်ရှိပြီး၊ အဆိပ်အတောက် ဖြစ်သည့်(cyanide) အမြောက်အများအသုံးပြုကာ ရွှေများစစ်ယူလျက်ရှိသည်။ ယင်းသို့လုပ်ဆောင်ရာ မြေတိုက်စားမှုများ ရေထုညစ်ညမ်းမှုများ သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှုများ ဖြစ်ပေါ်စေပါသည်။ အဆိုပါ ရွှေတူးဖော်ရေး စီမံကိန်းအနီးနေထိုင်သည့် ဂိန်းမနော်ကျေးရွာနှင့် နားဟိုင်းလုံကျေးရွာမှ ဒေသခံလူဦးရေပေါင်း ၃၄၀ ကျော်ခန့် မှီခိုလုပ်ကိုင်စားသောက်လျက်ရှိသော လယ်ယာမြေစိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှာလည်း ပျက်စီးဆုံးရှုံးသွားခဲ့ရသည်။

ဒေသခံရွာသားများ တောင်သူလယ်သမားများ၏ အဓိကမှီခိုအားထားရာ ရေအရင်းအမြစ်ဖြစ်သည့် နမ့်ခမ်းချောင်းမှာ ယခုလက်ရှိတွင် ညစ်ညမ်းကာ တိမ်ကောပျောက်ကွယ်နေပါပြီ။ စိုက်ပျိုးမြေယာများ၊ ဟင်းသီးဟင်းရွက်ခြံများ ပျက်စီးခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ အဆိပ်သင့်ခြင်း၊ နှင့် ဒေသခံများမှ အရေပြားယားယံခြင်း စသည့်ရောဂါများဖြင့် ကြုံတွေ့နေရသည်။ မိသားစုများမှ မိမိတို့သားသမီးများအား ကျောင်းသို့မပို့နိုင်ကြတော့ခြင်း နှင့် ရွာတွင်းရှိလူငယ်များမှာ အိမ်နီးချင်း နိုင်ငံများသို့ သွားရောက်လုပ်ကိုင်လာကြရသည်။ တူးဖော်ရေးကုမ္ပဏီများမှလည်း လျော်ကြေးငွေအနည်းငယ်ခန့်ကိုသာပေးသည်။

"ရွှေတွေတူးလို့ချောင်းရေက တိမ်ကောပြီး ရေတစ်အားနည်းလာတယ်၊ လယ်ထဲသွင်းဖို့ ရေမလောက်တော့ဘူး။ အဲဒါကျွန်တော်လယ်စိုက်လို့မရတော့တာ ၂နှစ်လောက်ရှိပြီ" ဟု နားဟိုင်းလုံ ရွာသား စိုင်းတွန်မှ ပြောသည်။

"ဒီလယ်တွေစိုက်မရတော့လို့ ထမင်းနပ်တောင် မမှန်တော့ဘူး" ဟု ရွာခံစိုင်းဆိုင်ကလည်းပြောသည်။

ရွှေတူးဖော်ရေးစီမံကိန်းများအားရပ်ဆိုင်းရန် ဆိုးကျိုးအလူးအလဲခံနေရသည့် ဒေသခံများမှ တာဝန်ရှိ လူကြီးမင်းများထံ အကြိမ်ကြိမ်စာရေးတောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် ဧပြီလလယ်ပိုင်းက ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ရွှေတူးဖော်ရေးစီမံကိန်းများ ခေတ္တ ရပ်ဆိုင်းရန် ညွှန်ကြားခဲ့သော်လည်း ရပ်ဆိုင်းခြင်းမရှိသေးပေ။ ထို့အပြင် လက်ရှိတွင် ရွှေတူးဖော်ရေး စီမံကိန်းများအား ရပ်ဆိုင်းခြင်းမရှိသေးရုံမျှမက စိုင်းတစ်ကုမ္ပဏီနှင့် လွယ်ခမ်းလုံ ကုမ္ပဏီတို့မှ ဒေသခံ ရွာသားများအား ၄င်းတို့၏တောင်းဆိုမှုများအားလုံး ပြန်လည် ရုပ်သိမ်းပေးရန် အကြိမ်ကြိမ်လာရောက် ဖိအားပေးခဲ့သည်။

သို့ပါ၍သက်ရောက်မှုခံရသူဒေသခံရွာသူရွာသားများနှင့် ကျွန်ုပ်တို့ ရှမ်းတောင်သူလယ်သမားများကွန် ယက်မှ အောက်ဖော်ပြပါ အချက်များအား တောင်းဆိုအပ် ပါသည်။

၁) မိုင်းလင်းရှိရွှေတူးဖော်ရေးလုပ်ငန်းစဉ်များအား ချက်ချင်းရပ်ဆိုင်းရန်၊ နယ်မြေအတွင်းရှိ စက်ယန္တရားများကို ပြန်လည်သိမ်းဆည်းရန်နှင့် ဝန်ထမ်းများအားလုံး ပြန်လည်ခေါ်ဆောင်သွားရန်။

၂) နယ်မြေအတွင်းရှိပျက်စီးသွားသောရေချောင်းများနှင့်လယ်ယာမြေများအားလုံးကို နဂိုမူလရွှေတူး ဖော်ရေးလုပ်ငန်းစဉ်မစခင်အတိုင်းပြန်လည်ပြုပြင်ပေးရန်။

၃) ရွှေတူးဖော်ရေးကြောင့်ဒေသခံရွာသူ/သားများမှ ဆုံးရှုံးသွားရသည်များအားလုံးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ လျော်ကြေးအပြည့်အဝပေးရန် စသည်တို့ဖြစ်သည်။

တူးဖော်ရေးစီမံကိန်းကြောင့် ပျက်စီးဆုံးရှုံးမှု ဆိုင်ရာ အချက်အလက်များ အသေးစိပ်ဖော်ပြထားသည့် ကြေငြာထုတ်ပြန်ချက် လက်ကမ်းစာစောင်များ ရယူနိုင်ပါသည်။ အခြားအချက်အလက်များပိုမို သိရှိလိုလျှင် shanfarmers@gmail.com ကိုဆက်သွယ်နိုင်ပြီး www.shanhumanrights.org အင်တာနက်စာမျက်နှာပေါ်၌လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် ။ ။ နန်းလာ 09 492 57194 (မြန်မာ)

စိုင်းနွမ် 09 250 841 617 (ရှမ်း)